**nystateofhealth™**
The Official Health Plan Marketplace



# အရည်အချင်း ပြည့်မီသော ကျန်းမာရေး အစီအစဉ် (Qualified Health Plan) တစ်ချက်ကြည့်ရုံသာ

## မည်သို့သောသူများ ကုသခံယူခွင့် ရရှိနိုင်သနည်း။

**အောက်ပါ အချက်များနှင့် ကိုက်ညီသူတိုင်း-**

- New York State နေထိုင်သူများ
- အမေရိကန်တွင် တရားဝင်နေထိုင်ခွင့် ရှိသူများ
- Medicaid၊ မရှိမဖြစ်လိုအပ်သော အစီအစဉ် (Essential Plan), သို့မဟုတ် Child Health Plus အာမခံရရှိထားသူများ ခံယူခွင့်မရှိပါ

NY State of Health သည် သက်ဆိုင်ရာ ဖက်ဒရယ်အရပ်သားလုပ်ပိုင်ခွင့်ဥပဒေများနှင့် နိုင်ငံတော် ဥပဒေများကို လေးစားလိုက်နာပြီး လူမျိုး၊ အသားအရောင်၊ ဇာတိနိုင်ငံ၊ ကိုးကွယ်မှု/ယုံကြည်မှု၊ လိင်၊ အသက်၊ အိမ်ထောင်ရေးအခြေအနေ/မိသားစု အခြေအနေ၊ ဖမ်းဆီးခံရမှု မှတ်တမ်း၊ ပြစ်မှု ကျူးလွန်ထားမှု(များ)၊ လိင် ခွဲခြားသတ်မှတ်မှု၊ လိင်စိတ်တိမ်းညွှတ်မှု၊ ပင်ကိုမျိုးရိုးဗီဇဆိုင်ရာ စရိုက်လက္ခဏာများ၊ စစ်မှုထမ်း အခြေအနေ၊ အိမ်တွင်း အကြမ်းဖက်မှုခံရမှု အခြေအနေ နှင့်/သို့မဟုတ် လက်တုံ့ပြန်မှုအပေါ် အခြေခံပြီး ခွဲခြားဆက်ဆံခြင်းမရှိပါ။

## မည်သည့်အချက်များ ပါဝင်သနည်း။

- အခမဲ့ ရောဂါကာကွယ် စောင့်ရှောက်ရေး
- ဆေးရုံတက်နေသော လူနာပြုစုစောင့်ရှောက်ရေး
- ဆေးရုံပြင်ပလူနာ ကုသပေးခြင်း ဝန်ဆောင်မှုများ
- မိခင်နှင့် မွေးကင်းစကလေးငယ် စောင့်ရှောက်ရေး
- အရေးပေါ် ပြုစုစောင့်ရှောက်ရေး ဝန်ဆောင်မှုများ
- ဓါတ်ခွဲခန်းနှင့် ရောဂါရှာဖွေစစ်ဆေးခြင်း
- ဆရာဝန်ထောက်ခံချက်ပါ ဆေးဝါးများ
- ပြန်လည်ထူထောင်ထောက်ပံ့ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဝန်ဆောင်မှုများ
- စိတ်ကျန်းမာရေးနှင့် မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် စိတ်ကစဥ့်ကလျားဖြစ်မှုအတွက် ဝန်ဆောင်မှုများ
- ကျန်းမာရေးနှင့် နာတာရှည်ရောဂါပြုစုစောင့်ရှောက်ရေး ဝန်ဆောင်မှုများ
- ကလေးသူငယ်များအတွက် သွားနှင့် မျက်စိ စောင့်ရှောက်မှုများ

***အရွယ်ရောက်သူများ၏ သွားနှင့် အခြားခံစားခွင့်များမှာ အချို့အစီအစဉ်များအတွက် အကျုံးဝင်ပါသည်။***

**ဆွက်သွယ်ရန်-**

nystateofhealth.ny.gov | 1-855-355-5777 သို့မဟုတ် TTY 1-800-662-1220

# အရည်အချင်း ပြည့်မီသော ကျန်းမာရေးအစီအစဉ် (QHP) အတွက် မည်မျှကုန်ကျမည်နည်း။

**လစဉ် အာမခံကြေးများ-** လစဉ်ပေးသွင်းရန် ကျသင့်ငွေသည် သင်ရွေးချယ်ထားသည့် အစီအစဉ်ပေါ် မူတည်ပါသည်။ လူများစွာသည် အခွန်ချေးငွေများကို ခံစားခွင့် ရရှိနိုင်သဖြင့် သင်၏ လစဉ် ကုန်ကျစရိတ်ကို လျော့နည်းသွားစေနိုင်ပါသည်။ အခွန်ချေးငွေများကို သင်၏ ဝင်ငွေ၊ အိမ်ထောင်စု အရွယ်အစား နှင့် သင် နေထိုင်ရာနေရာပေါ် အခြေခံ၍ တွက်ချက်သည်။

**ကုန်ကျစရိတ် ဝေမျှခြင်း-** ကုန်ကျစရိတ် မျှဝေခြင်းသည် ကျန်းမာရေး စောင့်ရှောက်မှု ဝန်ဆောင်မှုကို သင် ရရှိသည့်အခါ ပေးချေရမည့် ပမာဏ ဖြစ်ပါသည်။ အချို့သူများအနေဖြင့် ၎င်းတို့၏ ဝင်ငွေအပေါ် အခြေခံပြီး ဤကုန်ကျစရိတ်များ ပေးဆောင်ရန် အကူအညီရယူနိုင်ပါသည်။ စံနှုန်းမီ အစီအစဉ်များအတွက် QHP ကုန်ကျစရိတ် မျှဝေခြင်းအဆင့်လေးဆင့် ဥပမာများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ မတူညီသော ကုန်ကျစရိတ် ဝေမျှခြင်းနှင့် အကျုံးဝင်သော အပိုဝန်ဆောင်မှုများအတွက် အခြားအစီအစဉ်များ ရှိပါသည်။

| ကျန်းမာရေး စောင့်ရှောက်မှု ဝန်ဆောင်မှုများအတွက် ကုန်ကျစရိတ် မျှဝေခြင်း | ပလက်တီနမ် | ရွှေ | ငွေ | ကြေး |
|---|---|---|---|---|
| နှစ်စဉ် လစာထဲမှ နုတ်ယူနိုင်သော ပမာဏ | $0 | $600 | $1,300 | $4,700 |
| ရောဂါကာကွယ် စောင့်ရှောက်ရေး | အခမဲ့ | အခမဲ့ | အခမဲ့ | အခမဲ့ |
| အခြေခံ ကျန်းမာရေးစောင့်ရှောက်မှုအဖြစ် ဆရာဝန်နှင့် ပြသခြင်း* | $15 | $25 | $30 | $50 |
| အထူးကု ဆရာဝန်နှင့် ပြသခြင်း* | $35 | $40 | $50 | $75 |
| အတွင်းလူနာအဖြစ် ဆေးရုံတက်ရောက်ကုသမှုတစ်ကြိမ်စီအတွက် | $500 | $1,000 | $1,500 | $1,500 |
| အပြုအမူကျန်းမာရေးဆိုင်ရာပြင်ပလူနာအဖြစ် လာရောက်ကုသခြင်း | $15 | $25 | $30 | $50 |
| အပြုအမူပိုင်းဆိုင်ရာ ကျန်းမာရေးအတွက် အတွင်းလူနာအဖြစ် ဆေးရုံတစ်ကြိမ်တက်ရလျှင် | $500 | $1,000 | $1,500 | $1,500 |
| အရေးပေါ်အခန်း အသုံးပြုခ | $100 | $150 | $300 | $500 |
| အရေးပေါ် ပြုစုစောင့်ရှောက်ခြင်း | $55 | $60 | $70 | $75 |
| ရုပ်ပိုင်းဆိုင်ရာ ကုထုံး၊ စကားပြော ကုထုံး၊ အလုပ်ပေး ကုထုံး | $25 | $30 | $30 | $50 |

*2022 ခုနှစ်အတွက် ပုံမှန် ကြေးအဆင့် အစီအစဉ်များကို ရယူပြီး အခြေခံ ကျန်းမာရေးစောင့်ရှောက်မှုပေးသည့် ဆရာဝန်များ သို့မဟုတ် အထူးကုများနှင့် ဝင်ငွေမှ နုတ်ယူမည့် ပမာဏ မရောက်မချင်း စုစုပေါင်း သုံးကြိမ် တွေ့ဆုံပြသနိုင်သည် (ပြသသူဘက်မှ တချို့တဝက် ပေးချေရန် လိုပါသည်)။

| ဆရာဝန်ထောက်ခံချက်ပါ ဆေးဝါးများအတွက် ကုန်ကျစရိတ် ဝေမျှခြင်း | ပလက်တီနမ် | ရွှေ | ငွေ | ကြေး |
|---|---|---|---|---|
| အထွေထွေ | $10 | $10 | $10 | $10 |
| ထောက်ခံညွှန်းဆိုသော အမှတ်တံဆိပ် | $30 | $35 | $35 | $35 |
| ထောက်ခံညွှန်းဆိုခြင်းမရှိသော အမှတ်တံဆိပ် | $60 | $70 | $70 | $70 |